

# ပြည်ပခရီးသွားများ ထွက်ခွာမှုအတွက် အခွန်ပြန်အမ်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## က- ထွက်ခွာမှုအတွက် အခွန်ပြန်အမ်းခြင်းမူဝါဒ

ထွက်ခွာမှုအတွက် အခွန်ပြန်အမ်းခြင်းဆိုသည်မှာ နိုင်ငံရပ်ခြား ခရီးသွားများ မိမိနိုင်ငံမှထွက်ခွာသည့်အခါ ထွက်ခွာသည့်ဂိတ်တွင် ခရီးသွားများ ဝယ်ယူသည့် အခွန်ပြန်အမ်းသည့်ဆိုင်များတွင် ဝယ်ယူ ထားသည့် အခွန်ပြန်အမ်းရသည့် ပစ္စည်းများအတွက် တန်ဖိုးထပ်အခွန် VAT ပြန်အမ်းခြင်းမူဝါဒကို ရည်ညွှန်းသည်။

ပြည်ပခရီးသွားများသည် "Buy Now, Refund Now" ဝန်ဆောင် မှုပေးသည့် အခွန်ပြန်အမ်းသည့် ဆိုင်များတွင် အခွန်ပြန်အမ်းသည့် ပစ္စည်းများကို ဝယ်ယူသည့်အခါ၊ သဘောတူစာချုပ်များလက်မှတ် ရေးထိုးပြီးခရက်ဒစ်ကတ်အား ကြိုတင်ခွင့်ပြုချက် (Credit Card Pre-authorization) ရယူပြီးနောက် ဆိုင်တွင် အခွန်ပြန်အမ်းငွေများ လျှောက်ထားနိုင်သည် ။ ပြည်ပထွက်ခွာအခွန် ပြန်အမ်းခြင်းနှင့် ပတ် သက်၍ လက်ရှိသက်ဆိုင်ရာစည်းမျဉ်းများကို လိုက်နာခြင်းအပြင်၊ "Buy Now, Refund Now" ဝန်ဆောင်မှုကို လက်ခံရရှိရန်အတွက် ပြည်ပခရီးသွားများသည် အောက်ပါအခြေအနေများ နှင့် ကိုက်ညီ ရမည်-

1. မိမိသည် ကြိုတင်ခွင့်ပြုမှု အာမခံချက် (Pre-authorization Guarantee) အတွက် အသုံးပြုနိုင်သည့် ခရက်ဒစ်ကတ်ကို ကိုင် ဆောင်ထားခြင်း။

2. နိုင်ငံရပ်ခြားခရီးသွားများသည် သတ်မှတ်ထားသော ကန့် သတ်ချိန်အတွင်း သတ်မှတ်ထားသော ပြည်ပထွက်ခွာဂိတ်မှ ထွက်ခွာမည်ဟု ကတိပြုခြင်း။

နိုင်ငံရပ်ခြားခရီးသည်များဆိုသည်မှာ ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ်တို့မှ နိုင်ငံခြားသားများ နှင့် နိုင်ငံရပ်ခြားသားများကိုရည် ညွှန်းပြီး၊ ကျွန်ုပ်၏နိုင်ငံတွင် ၁၈၃ ရက်ထက်မနည်း ဆက်တိုက်နေထိုင် သူများကိုဆိုလိုသည်။

ပြည်ပထွက်ခွာဂိတ်များဆိုသည်မှာ ပြည်ပထွက်ခွာအခွန်ပြန် အမ်းခြင်းမူဝါဒများကို အကောင်အထည်ဖော်သည့်နေရာဒေသများရှိ ပြင်ပတွင်လည်း တရားဝင်ဖွင့်လှစ်ထားသည့် အရောင်စီးများဂိတ်များ၊ လကေခြောင်းဂိတ်များ၊ ရကေခြောင်းဂိတ်များနှင့် ကုန်းလမ်းဂိတ်များလည်းရည်ညွှန်းပါသည်။

## ခ- အခွန်ပြန်အမ်းပစ္စည်းများ

အခွန်ပြန်အမ်းပစ္စည်းများဆိုသည်မှာ နိုင်ငံရပ်ခြားခရီးသွားများ အခွန်ပြန်အမ်းသည့်ဆိုင်များတွင် ကိုယ်တိုင်ဝယ်ယူပြီးအခွန်ပြန် အမ်းခြင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကိုယ်ရေးကိုယ်တာ ပစ္စည်းများကိုရည်ညွှန်းပြီးအောက်ပါပစ္စည်းများ မပါဝင်ပါ။

(က) "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တားမြစ်ထားသောကန့် သတ်ထုတ်ကုန်သွင်းကုန်များစာရင်း" တွင် ဖော်ပြထားသော တားမြစ်၊ ကန့်သတ်ကုန်ပစ္စည်းများ၊

(၁) တားမြစ်ထားသော ထွက်ကုန်ပစ္စည်းများ၊

① တင်သွင်းခွင့်တားမြစ်စာရင်းတွင် ဖော်ပြထားသောပစ္စည်း များအားလုံး၊

② နိုင်ငံတော်လျှို့ဝှက်ချက်များနှင့် ပတ်သက်သည့်စာမူများ၊ ပုံ နှိပ်ပစ္စည်းများ၊ ဖီလင်(film)များ၊ ဓာတ်ပုံများ၊ သီချင်းခွေများ၊ ရုပ်ရှင် များ၊ အော်ဒီယိုတိပ်များ၊ ဗီဒီယိုတိပ်များ၊ လေဆာဓာတ်ပြားများ၊ ဒေတာသိမ်းဆည်းရေး မီဒီယာနှင့် အခြားအရာများ၊

③ အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များနှင့် တင်ပို့ရန်တားမြစ် ထားသော အခြားသက်ရှိသက်မဲ့ဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ဖြစ် သောနမူနာများ၊

④ မျိုးသုဉ်းလုနီးပါးနှင့် အဖိုးတန်တိရစ္ဆာန်များ၊ အပင်များ (နမူ နာများအပါအဝင်) နှင့် ၎င်းတို့၏ မျိုးစေ့များနှင့် မျိုးပွားပစ္စည်းများ။

(၂) ကန့်သတ်ထားသော ထွက်ကုန်များ-

① ရွှေငွေကဲ့သို့သော အဖိုးတန်သတ္တုများနှင့် ၎င်းတို့၏ထုတ်ကုန် များ၊

② နိုင်ငံသုံးငွေကြေး၊

③ နိုင်ငံခြားသုံးငွေနှင့် ၎င်း၏ တန်ဖိုးရှိစတာ့လက်မှတ်များ၊

④ရေဒီယိုအသံလွှင့်စက်များ၊ ဆက်သွယ်ရေး လုံခြုံရေးစက်များ၊

⑤ အဖိုးတန်တရုတ်ဆေးဖက်ဝင်ပစ္စည်းများ၊

⑥ အထွေထွေယဉ်ကျေးမှုအမွေအနှစ်များ၊

⑦အကောက်ခွန်မှတင်ပို့ခြင်းဆိုင်ရာ ကန့်သတ်ထားသောအခြား ပစ္စည်းများ။

(ခ) အခွန်ပြန်အမ်းပေးသည့်ဆိုင်များမှ ရောင်းချသော VATကင်း လွတ်ခွင့်မူဝါဒအရပစ္စည်းများ၊

(ဂ)ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်အထွေထွေအုပ်ချုပ် ရေးနှင့် နိုင်ငံတော်အခွန်အကောက်ဆိုင်ရာ စီမံခန့်ခွဲရေးတို့က သတ် မှတ်ထားသည့် အခြားအရာများ။

## ဂ- အခွန်ပြန်အမ်းမှုအတွက်လိုအပ်ချက်များ

အခွန်ပြန်အမ်းပေးရန် လျှောက်ထားသော နိုင်ငံခြားခရီးသွား များသည် တစ်ချိန်တည်းတွင် အောက်ပါအခြေအနေများနှင့် ကိုက်ညီ မှုရှိရမည်-

(က) တူညီသောနိုင်ငံခြားခရီးသွားတစ်ဦးမှ တစ်ရက်တည်းတွင် အခွန်ပြန်အမ်းသည့်ဆိုင်တစ်ဆိုင်တည်းမှ ဝယ်ယူထားသောအခွန်ပြန် အမ်းသည့် ပစ္စည်းပမာဏသည် ယွမ် ၂၀၀ ထိရှိခြင်း၊

(ခ) အခွန်ပြန်အမ်းသည့်ပစ္စည်းများကို အသုံးပြုမှုမရှိသေးခြင်း သို့မဟုတ် ငွေသုံးစွဲခြင်းများမရှိသေးခြင်း၊

(ဂ) ထွက်ခွာမည့်ရက်တွင် အခွန်ပြန်အမ်းသည့် ပစ္စည်းများ သည် ဝယ်ယူသည့်နေ့မှ ရက်ပေါင်း ၉၀ ထက် မကျော်ရ၊

(ဃ) ဝယ်ယူထားသောအခွန်ပြန်အမ်းသည့် ပစ္စည်းများကို နိုင်ငံ ခြားခရီးသည်ကိုယ်တိုင် သယ်ဆောင်သွားခြင်း သို့မဟုတ် နိုင်ငံမှ ထွက်ခွာသည့်အခါ အတူတကွ သယ်ဆောင်သွားခြင်း။

## ဃ- အခွန်ပြန်အမ်း ငွေပမာဏ

2019 ခုနှစ် ဧပြီလ 1 ရက်နေ့မှစတင်၍ အခွန်ပြန်အမ်းသည့် ပစ္စည်းများ ၏ ပြေစာပမာဏ (VAT အပါအဝင်)အခွန် ပြန်အမ်းနှုန်း 13% ကို အခြေခံအသုံးပြုကာ နိုင်ငံခြားခရီးသွားများ ဝယ်ယူမည့် အခွန်ပြန် အမ်းပစ္စည်းများအတွက် 11% ဖြစ်ပြီး အခွန်ပြန်အမ်းနှုန်း 9% ကို အသုံးပြု၍ နိုင်ငံခြားခရီးသွားများ ဝယ်ယူမည့် အခွန်ပြန်အမ်းပစ္စည်း များအတွက် 8% ဖြစ်ပြီး VAT ပြန်အမ်းငွေ ပမာဏကိုတွက်ချက်ရမည်ဖြစ်သည်။ တွက်ချက်မှု ဖော်မြူလာမှာ-

**အခွန်ပြန်အမ်းငွေပမာဏ**

= ပြည်ပထွက်ခွာသော အခွန်ပြန် အမ်းပစ္စည်း များ အရောင်းပြေစာ ပမာဏ (VAT အပါအဝင်) x အခွန်ပြန် အမ်းနှုန်း – အခွန်ပြန် အမ်းငွေ အေဂျင်စီဝန် ဆောင်ခ

## င- အခွန်ပြန်အမ်းငွေကြေးအမျိုးအစား

အခွန်ပြန်အမ်းငွေကြေးအမျိုးအစားမှာ RMB ဖြစ်သည်။

အခွန်ပြန်အမ်းခြင်းနည်းလမ်းများတွင် ငွေသားပြန်အမ်းခြင်းနှင့် ဘဏ် ငွေလွှဲပြန်အမ်းခြင်းတို့ပါဝင်သည်။ အခွန်ပြန်အမ်းငွေပမာဏ သည် RMB 20,000 ထက် မကျော်လွန်ပါက ငွေသားပြန်အမ်းငွေ နှင့် ဘဏ်ငွေလွှဲပြန်အမ်းခြင်းနည်းလမ်း (၂) မျိုးအား မိမိနှစ်သက်ရာ ရွေး ချယ်နိုင်ပါသည်။ အခွန်ပြန်အမ်းငွေပမာဏသည် RMB 20,000 ကျော် လွန်ပါက ဘဏ်ငွေလွှဲခြင်းဖြင့်သာ ပြန်အမ်းမည်ဖြစ်ပါသည်။

## စ- လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း။

၁။ အခွန်ပြန်အမ်းငွေပေးစ္စည်းများဝယ်ယူခြင်း။ အခွန်ပြန်အမ်း သည့်စတိုးဆိုင်တွင် အခွန်ပြန်အမ်းသည့်ပစ္စည်းများကို ဝယ်ယူပြီးနောက်၊ နိုင်ငံခြားခရီးသွားများသည် အခွန်ပြန်အမ်းရန်လျှောက်ထား လိုပါက အခွန်ပြန်အမ်းငွေလျှောက်လွှာပုံစံနှင့် ပြည်ပခရီးသွားများအ တွက် အရောင်းပြေစာများကို အခွန်ပြန်အမ်းငွေစေတိုးဆိုင်တွင် မေး မြန်းရယူနိုင်ပါသည်။

၂။ အကောက်ခွန်မှစစ်ဆေးအတည်ပြုခြင်း။ နိုင်ငံရပ်ခြားသို့ ထွက်ခွာသည့်အခါ ထွက်ခွာဂိတ်မှထွက်ခွာချိန်တွင် နိုင်ငံခြားခရီး သည်များသည် အခွန်ပြန်အမ်းသည့် ပစ္စည်းများ၊ ပြည်ပခရီးသည်များ ၏ ဈေးဝယ်ထွက်ခြင်းအတွက် အခွန်ပြန်အမ်းလွှာလျှောက်လွှာများ၊ အခွန်ပြန်အမ်းသည့်ပစ္စည်းအရောင်းပြေစာနှင့် မိမိ၏ တရားဝင်မှတ် ပုံတင် အထောက်အထားများအား အကောက်ခွန်သို့ တင်ပြ၍ အကောက်ခွန်မှကြီးကြပ်မှုကိုလက်ခံရမည်။ ပြည်ပခရီးသွားများ ပြန် လည်အမ်းငွေအတွက် လျှောက်လွှာပုံစံကို အကောက်ခွန်မှ စိစစ်ပြီးပါက အကောက်ခွန်မှ လက်မှတ်ရေးထိုးပြီးတံဆိပ်ရိုက်နှိပ်ပေးမည် ဖြစ်သည်။

တရားဝင်မှတ်ပုံတင်အထောက်အထားဆိုသည်မှာ နိုင်ငံရပ်ခြား ခရီးသွားများ၏ နောက်ဆုံးဝင်ရောက်သည့်ရက်စွဲကို အမှတ်အသား ပြုထားသော သို့မဟုတ် စုဆောင်းနိုင်သော ပတ်စ်ပို့၊ ဟောင်ကောင် နှင့် မကာအိုနေထိုင်သူများအတွက် တရုတ်ပြည်မကြီးသို့ဝင်ထွက်ခွင့် ပုဒ်ည့်လက်မှတ်၊ ထိုင်ဝမ်နေထိုင်သူများအတွက် တရုတ်ပြည်မကြီးသို့သွားလာခွင့် လက်မှတ်များ စသည်တို့ကို ရည်ညွှန်းပါသည်။

၃။ အေဂျင်စီမှ အခွန်ပြန်အမ်းခြင်း။ ထွက်ခွာရာတွင် အခွန်ပြန် အမ်းခြင်းကို ထွက်ခွာဂိတ်၏ သီးခြားဧရိယာတွင် ရှိသော အခွန်ပြန် အမ်းသည့်အေဂျင်စီမှ စုပေါင်းဆောင်ရွက်မည်။ နိုင်ငံရပ်ခြားခရီး သည်များသည် ၎င်းတို့၏ တရားဝင်အထောက်အထားစာရွက်စာ တမ်းများဖြစ်သည့် နိုင်ငံကူးလက်မှတ်များ၊ အကောက်ခွန်မှ စိစစ်ပြီးတံဆိပ်ရိုက်နှိပ်ထားသော ပြည်ပခရီးသွားများအတွက် အခွန်ပြန်အမ်း လျှောက်လွှာပုံစံနှင့် အခွန်ပြန်အမ်းနိုင်သော ပစ္စည်းများ၏ အရောင်းပြေစာများကို အခွန်ပြန်အမ်းငွေပေးပြန်အမ်းသည့် အေဂျင်စီသို့ တင်ပြ၍ VAT ပြန်အမ်းငွေကို လျှောက်ထားရမည်။

(ခ) "Buy Now, Refund Now" ဝန်ဆောင်မှု လုပ်ငန်းစဉ်

၁။ အခွန်ပြန်အမ်းနိုင်သောပစ္စည်းများကိုဝယ်ယူခြင်း။ နိုင်ငံရပ် ခြားခရီးသွားများသည် အခွန်ပြန်အမ်းနိုင်သော ပစ္စည်းများကို "Buy Now, Refund Now" ဝန်ဆောင်မှုပေးသည့် အခွန်ပြန်အမ်းသည့်စတိုး ဆိုင်တွင် ဝယ်ယူပြီးနောက်၊ ၎င်းတို့၏ အခွန်ပြန်အမ်းရရှိရန်အတွက် လျှောက်ထားလိုပါက အခွန်ပြန်အမ်းငွေလျှောက်လွှာပုံစံနှင့်အရောင်း ပြေစာများကို အခွန်ပြန်အမ်းသည့်စတိုးဆိုင်ထံ တောင်းဆိုနိုင်သည်။

၂။ ကြိုတင်ခွင့်ပြုချက်အာမခံချက် (Pre-authorization Guarantee) နှင့် ကတိကဝတ်များ။ "Buy Now, Refund Now" ဝန်ဆောင်မှုကိုခံစားသည့်အခါ ခရီးသည်များသည် ခရက်ဒစ်ကတ် လုပ်ငန်းဆောင်ရွက်မှုအတွက် ကြိုတင်ခွင့်ပြုချက်အာမခံချက် (Pre-authorization Guarantee) ပေး၍ သိရှိခြင်းသဘော တူညီချက်ကိုစုစ ရပ်များကို လက်မှတ်ရေးထိုးကာ လက်ရှိနေရာတွင် အခွန်ပြန်အမ်းငွေနှင့်ညီမျှသော ကြိုတင်ငွေပေးချေမှုကို ရယူရန်လိုအပ်ပါသည်။

၃။ အကောက်ခွန်မှစစ်ဆေးအတည်ပြုခြင်း။ နိုင်ငံရပ်ခြားသို့ ထွက်ခွာသည့်အခါ ထွက်ခွာဂိတ်မှထွက်ခွာချိန်တွင် နိုင်ငံခြားခရီး သည်များသည် အခွန်ပြန်အမ်းသည့်ပစ္စည်းများ၊ ပြည်ပခရီးသည်များ ၏ဈေးဝယ်ထွက်ခြင်းအတွက် အခွန်ပြန်အမ်းလွှာလျှောက်လွှာများ၊ အခွန်ပြန်အမ်းသည့်ပစ္စည်းအရောင်းပြေစာနှင့် မိမိ၏တရားဝင်မှတ်ပုံ တင် အထောက်အထားများ အကောက်ခွန်သို့တင်ပြ၍ အကောက်ခွန်မှကြီးကြပ်မှုကိုလက်ခံရမည်။ ပြည်ပခရီးသွားများ ပြန်လည်အမ်း ငွေအတွက် လျှောက်လွှာပုံစံကို အကောက်ခွန်မှ စိစစ်ပြီးပြီပါက အကောက်ခွန်မှ လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ် သည်။

၄။ အေဂျင်စီမှစစ်ဆေးသုံးသပ်ခြင်း။ နိုင်ငံခြားခရီးသည်များ သည် ၎င်းတို့၏ တရားဝင်မှတ်ပုံတင်အထောက်အထား စာရွက်စာ တမ်းများဖြစ်သည့် နိုင်ငံကူးလက်မှတ်များ၊ အကောက်ခွန်မှ စစ်ဆေး ပြီးတံဆိပ်တုံးရိုက်နှိပ်ထားသော ပြည်ပခရီးသည်များဈေးဝယ်ထွက် ခြင်းဆိုင်ရာ အခွန်ငွေပြန်အမ်းလွှာလျှောက်လွှာများ ၊ အခွန်ပြန်အမ်း သည့် ပစ္စည်းအရောင်းပြေစာတို့ကို ထွက်ခွာဂိတ်၏ သီးခြားဧရိယာ တွင်ရှိသော အခွန်ပြန်အမ်းသည့်အေဂျင်စီထံ တင်ပြကာအတည်ပြုချက်ရယူရမည်။ စစ်ဆေးသုံးသပ်ချက်မှန်ကန်ပါက ကြိုတင်ခွင့်ပြုချက်အာမခံချက် (Pre-authorization Guarantee) ကို ပေးမည်ဖြစ် ပြီးသက်ဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိပါက အေဂျင်စီမှ ကြိုတင်ခွင့်ပြုချက် (Pre-authorization) ဖြင့် ကြိုတင်ငွေပေးချေမှု ကို နုတ်ယူမည်ဖြစ်သည်။

## ဆ- အခွန်ပြန်အမ်းခြင်း လုပ်ငန်းစဉ်ဇယား

### အခွန်ပြန်အမ်းခြင်း လုပ်ငန်းစဉ်ဇယား




### "Buy Now, Refund Now" လုပ်ငန်းစဉ်ဇယား

